**Network for Democracy and Development**

**Documentation and Research Department**

PO Box 179, Mae Sot 63110, Thailand. Tel + 66 1 7241281, E-mail: ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၅၆)

## "ကြပ်ပြေး နန်းတွင်းအရှုတ်တော်ပုံ အမှတ်(၂၁)"

အခုတလော ပြည်ပ မြန်မာသတင်းမီဒီယာလောကမှာ ကနေဒါနိုင်ငံအခြေစိုက် **UDP (United Democratic Party of Myanmar)** ခေါ် ညီညွတ်သောဒီမိုကရက်တစ်ပါတီ(မြန်မာပြည်) ရဲ့ခေါင်းဆောင် မိုက်ကယ်ဟွာဟူး **(Michael Hua Hu)** ခေါ် ဦးကျော်မြင့် ဆိုသူနဲ့ပတ်သက်တဲ့အကြောင်းတွေကို စိတ်ဝင်စားဖွယ် တွေ့ရှိနေရပါတယ်။ ပြည်တွင်းပြည်ပ မြန်မာပရိသတ်ကတော့ ဧရာဝတီသတင်းဌာနရဲ့ သတင်းဆောင်းပါး၊ တပ်မတော်စစ်ထောက်လှမ်းရေးအရာရှိဟောင်း ဗိုလ်မှူးအောင်လင်းထွဋ်နဲ့ ဗွီအိုအေသတင်းဌာနတို့ရဲ့ အင်တာဗျူး၊ ဦးကျော်မြင့်နဲ့ဗွီအိုအေသတင်းဌာနတို့ရဲ့ အင်တာဗျူးတွေကို နေ့စဉ်အာရုံစိုက် ဖတ်ရှုနားထောင်နေကြတာကို တွေ့ရပါတယ်။

ဦးကျော်မြင့် ခေါ် မိုက်ကယ်ဟွာဟူး မြန်မာပြည်မှာနေထိုင်ခဲ့စဉ်က မူးယစ်ဆေးဝါးနဲ့ ငွေမဲခဝါချမှုကိစ္စတွေမှာ ပါဝင်ပတ်သက်မှုရှိ၊ မရှိ၊ ဆိုတာကို မြန်မာပရိသတ်အများစုက သိပ်စိတ်မဝင်စားကြပါဘူး။ လူတွေ အများဆုံးစိတ် ဝင်စားနေတဲ့အချက်တွေကတော့ ထောင်(၉)နှစ် ချခံထားရတယ်ဆိုတဲ့ ဦးကျော်မြင့်ဟာ ဘယ်ပုံဘယ်နည်းနဲ့ နအဖ ရဲ့ နရသိမ်အကျဉ်းစခန်းကနေ အလွယ်တကူ ထွက်ပြေးလွတ်မြောက်လာခဲ့သလဲ။ (သူ့ အဆိုအရကတော့ အမည်မဖေါ်လိုတဲ့ ဘုန်းကြီးတစ်ပါးရဲ့ အကူအညီနဲ့ ထိုင်း–မြန်မာနယ်စပ် မဲဆောက်မြို့ကို ရောက်ရှိလာခဲ့ကြောင်း သိရှိရပါတယ်။) ဒီမိုကရေစီတိုက်ပွဲဝင် **ABSDF**အဖွဲ့ဝင်ဟောင်း ကျောင်းသားဒုက္ခသည် တွေကိုတောင် အလွယ်တကူလက်မခံတဲ့ အမေရိကန်ပြည်ထောင်စုကို ဦးကျော်မြင့်အနေနဲ့ ဘယ်လို အဆက်အသွယ်၊ ဘယ်လို နည်းလမ်းတွေ သုံးပြီး အလွယ်တကူ ဝင်ရောက်နိုင်ခဲ့သလဲ။

မြန်မာဒုက္ခသည် ဦးကျော်မြင့်က နှစ်အနည်းငယ်အတွင်း အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါနိုင်ငံတွေမှာ ဒေါ်လာသန်းချီ ရင်းနှီးမြှုပ်နှံရတဲ့ စီးပွားရေးကုမ္ပဏီကြီးတွေကို ဘယ်ကရတဲ့ငွေကြေးတွေနဲ့ ထူထောင်နိုင်ခဲ့တာလဲ။ စစ်အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈)နဲ့ ၂၀၁၀ ရွေးကောက်ပွဲအပေါ် ပြည်တွင်းပြည်ပမှာ ကန့်ကွက်ရှုတ်ချမှုတွေ ပေါ်ပေါက်နေချိန်မှာ ထောင်ပြေးရာဇဝတ်သားတစ်ဦးက ဘယ်လိုရည်ရွယ်ချက်နဲ့ **UDP** ပါတီကို ဖွဲ့စည်းထူထောင်ပြီး ရွေးကောက်ပွဲဝင်မယ်လို့ အချိန်ကိုက် ကြေညာခဲ့ရတာလဲ။ နာမ်မည်ကိုသာ ကြားဘူးပြီး၊ လူချင်းမတွေ့ဘူးတဲ့ မြန်မာပြည်တွင်းက ဝါရင့်နိုင်ငံရေးသမားကြီးတွေဖြစ်တဲ့ ဦးသုဝေနဲ့ ဦးရဲထွန်းတို့ကို ဘယ်သူတွေရဲ့ ညွှန်ကြားချက်နဲ့ ပါတီရဲ့ ဥက္ကဌနဲ့ ဒု–ဥက္ကဌတွေအဖြစ် တာဝန်ပေးခန့်အပ်ကြောင်း ကြေညာခဲ့ရတာလဲ။

လွန်ခဲ့တဲ့နှစ်အတွင်း ကနေဒါနိုင်ငံမှာ ကျင်းပပြုလုပ်ခဲ့တဲ့ နှီးနှောဖလှယ်ပွဲ **(Seminar)** တစ်ခုကို တက်ရောက်ခဲ့ကြတဲ့ နိုင်ငံတကာက မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားနေသူတချို့နဲ့ ထိုင်း–မြန်မာနယ်စပ်မှာရှိတဲ့ မြန်မာ့အတိုက်အခံအဖွဲ့အစည်းတွေက ခေါင်းဆောင် တချို့ကိုလည်း ဦးကျော်မြင့်က သီးခြားစီ ခေါ်ယူတွေ့ဆုံဆွေးနွေးခဲ့တယ်ဆိုတဲ့ သတင်းတွေကရော ဘယ်လောက်အတိုင်းအတာအထိ မှန်ကန်မှုရှိသလဲ၊ ကနေဒါမှာ သူနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြတဲ့ ဒီမိုကရေစီအင်အားစုခေါင်းဆောင်တွေထဲမှာ ဘယ်သူတွေ ပါသလဲ၊ ဘာတွေ ဆွေးနွေးခဲ့ကြသလဲ။ စတဲ့အကြောင်း အရာတွေကို မြန်မာနိုင်ငံသားတွေက ပိုပြီးစိတ်ဝင်စားနေကြတာ တွေ့ရပါတယ်။

ဖေဖေါ်ဝါရီလ (၂၆)ရက်နေ့မှာ ထုတ်လွှင့်ခဲ့တဲ့ ဦးကျော်မြင့်နဲ့ ဗွီအိုအေသတင်းဌာနတို့ရဲ့ အင်တာဗျူးထဲမှာ ဦးကျော်မြင့်က သူ့ကို နအဖစစ်အစိုးရက ထောင်(၉)နှစ် ပြစ်ဒဏ်ချမှတ်ခဲ့တာဟာ ငွေရေးကြေးရေး၊ စီးပွားရေးတွေ ကြောင့်မဟုတ်ဘဲ နိုင်ငံရေးမှု ပုဒ်မ ၅(ည)၊ နိုင်ငံတော်ဆန့်ကျင်မှုနဲ့ ထောင်ချခံခဲ့ရတာလို့ ဖြေဆိုခဲ့ပါတယ်။ ပြည်သူ့အစိုးရဖွဲ့စည်းထူထောင်ပေးဖို့၊ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာလွှဲပေးဖို့ စာဖြန့်ခဲ့တာကြောင့် အရေးယူခံခဲ့ရတာလို့ ဆိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာလွှဲပေးဖို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ စာရေးတင်ပြခဲ့တယ်လို့လည်း ဖြေဆိုခဲ့တာတွေ့ရပါတယ်။

ဦးကျော်မြင့်က သူ ထောင်(၉)နှစ် ချမှတ်ခံခဲ့ရတာဟာ ငွေရေးကြေးရေး၊ စီးပွားရေးကိစ္စတွေကြောင့် မဟုတ်ပါဘူးလို့ ဗွီအိုအေကတဆင့် ငြင်းဆိုနေပေမဲ့ နအဖစစ်အစိုးရ အမျိုးသားစီမံကိန်းနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အေဗယ်လ်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ၁၉၉၇ ခုနှစ် ဒီဇင်ဘာ (၉)ရက်နေ့ရက်စွဲ နဲ့ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ် (၆၄ /၉၇)အရ ဦးကျော်မြင့်ရဲ့ ကုမ္ပဏီတွေဖြစ်ကြတဲ့ မြန်မာကျုံးယွမ် ကုမ္ပဏီလီမိတက် (အများနဲ့မသက်ဆိုင်တဲ့ကုမ္ပဏီ) နဲ့ မြန်မာကျုံးယွမ်အဖွဲ့ ကုမ္ပဏီလီမိတက် (အများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီ) တို့ကို စစ်ဆေးရာမှာ စာရင်းဇယားတွေကို စနစ်တကျမထားရှိခြင်း၊ စာရင်းနှစ်မျိုးပြထားခြင်း၊ စာရင်းတွေကိုဖျက်ပြီး ပြင်ထားခြင်း၊ စာရင်းဇယားတွေကို ပြည့်ပြည့်စုံစုံ ကြည့်ရှုခွင့် မပေးနိုင်ခြင်း၊ စတဲ့ စည်းမဲ့ကမ်းမဲ့ ဆောင်ရွက်မှုတွေကို တွေ့ရှိရတဲ့အတွက် အဲဒီကုမ္ပဏီ(၂)ခုလုံးကို အမည်ပျက်စာရင်း **(Black List)**မှာ ထည့်သွင်းသတ်မှတ်လိုက်ကြောင်း အောက်ပါအတိုင်း ဖော်ပြထားတာတွေ့ နိုင်ပါတယ်။

အမည်ပျက်စာရင်းသတ်မှတ်ကြေညာခြင်း<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ<br>
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန<br>
ဝန်ကြီးရုံး<br>
<u>အမိန့်ကြော်ငြာစာအမှတ် ( ၆၄/၉၇)</u><br>
ရန်ကုန်မြို့၊ ၁၃၅၉–ခုနှစ် နတ်တော်လဆန်း ၁၀ ရက်။<br>
(၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်။)

<u>အကြောင်းအရာ။ ။ အမည်ပျက်စာရင်းသတ်မှတ်ကြေညာခြင်း</u>

ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ အနေဖြင့် ကုမ္ပဏီလုပ်ထုံးလုပ်နည်းနှင့်လည်းကောင်း၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့်လည်းကောင်း၊ ညီညွတ်မှုမရှိသော အစုရှယ်ယာများအပေါ် တစ်လ ၇ ရာခိုင်နှုန်းအတိုးပေးမည်ဟု သတင်းစာမှ ကြေညာခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုမ္ပဏီစာရင်းများအားစစ်ဆေးခဲ့ရာ စာရင်းဇယားများ စနစ်တကျမထားရှိခြင်း၊ စာရင်းနှစ်မျိုးပြခြင်း၊ စာရင်းများဖျက်၍ပြင်ထားခြင်း၊ စာရင်းဇယားများ ပြည့်စုံစွာကြည့်ရှုခွင့်မပေးနိုင်ခြင်း၊ စသည့်အချက်များကြောင့် ဈေးကွက်စီးပွားရေးစနစ်အပေါ် အခွင့်ကောင်းယူ၍ စည်းမဲ့ကမ်းမဲ့ဆောင်ရွက်နေသော အောက်ဖော်ပြပါ ကုမ္ပဏီများကို ဤသတင်းထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အမည်ပျက်စရင်း **(Black List)**တွင် ထည့်သွင်းသတ်မှတ်လိုက်သည်။

(က) မြန်မာကျုံးယွမ် ကုမ္ပဏီလီမိတက်<br>
(အများနှင့် မသက်ဆိုင်သောကုမ္ပဏီ)<br>
မှတ်ပုံတင်အမှတ် – ၆၆၅/၉၃–၉၄ (၂၉–၁၀–၉၃)<br>
လိပ်စာ။ အခန်းအမှတ် (၃၀၄/၃၀၅)<br>
တိုက်အမှတ် –၃၊ ဗိုလ်တထောင်ဘုရားလမ်း<br>
ပုဇွန်တောင်မြို့နယ် ၊ရန်ကုန်မြို့ ။

(ခ) မြန်မာကျုံးယွမ်အဖွဲ့ ကုမ္ပဏီလီမိတက်<br>
(အများနှင့် သက်ဆိုင်သောကုမ္ပဏီ)<br>
မှတ်ပုံတင်အမှတ် – ၄၅၇/၉၆–၉၇ (၁၁–၇–၉၆)<br>
လိပ်စာ။ အခန်းအမှတ် (၃၀၄/၃၀၅)<br>
တိုက်အမှတ် –၃၊ ဗိုလ်တထောင်ဘုရားလမ်း<br>
ပုဇွန်တောင်မြို့နယ် ၊ရန်ကုန်မြို့ ။

(ပုံ)<br>
ဗိုလ်မှူးချုပ် အေဗယ်လ်<br>
ဝန်ကြီး<br>
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ဗိုလ်ချုပ်အောဇယ်လ်ရဲ့ အမိန့်ကြော်ငြာစာ နအဖသတင်းစာတွေမှာ ပါလာခဲ့တဲ့ ၁၉၉၇ ခုနှစ် ဒီဇင်ဘာ (၁၀)ရက်နေ့မှာ ဦးကျော်မြင့်က နအဖအာဏာသိမ်းစစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကို လိပ်မူပြီး စာတစ်စောင်ရေးသားခဲ့တာ တွေ့ရပါတယ်။ ဒီစာကို ဗိုလ်ချုပ်မှူးကြီးဆိုသူထံ တကယ်ပို့မပို့ အတိအကျ မသိနိုင်ပေမဲ့ နအဖစစ်ကောင်စီ ထိပ်တန်းဗိုလ်ချုပ်ကြီးတွေ အပါအဝင် စစ်တိုင်းမှူးတွေ၊ ဝန်ကြီးတွေအားလုံးကို မိတ္တူဖြန့်ဝေထားတာ တွေ့ရပါတယ်။ (မိမိတို့ဌာနတွင် ၎င်း၏စာများကို မှတ်တမ်းတင် သိမ်းဆည်းထားပါသည်။)

သူ့ကုမ္ပဏီတွေ ဖျက်သိမ်းခံရတာဟာ လုပ်ထုံးလုပ်နည်းနဲ့ မညီညွတ်ကြောင်း၊ ဒီကိစ္စကို ဗိုလ်မှူးချုပ် မောင်မောင် (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး၊ နအဖ ဥက္ကဋ္ဌရုံးဝန်ကြီး) က ကိုယ်ရေးကိုယ်တာ မနာလိုဖြစ်ပြီး အာဏာသုံးလုပ်ခဲ့တာ ဖြစ်ကြောင်း၊ ဗိုလ်မှူးချုပ်မောင်မောင်လုပ်ရပ်ကြောင့် ပြည်သူတွေ မကျေမနပ်၊ မတည်မငြိမ်ဖြစ်လာရင် သူတာဝန်မယူနိုင်ဘူးလို့လည်း ခြိမ်းခြောက်ရေးသားထားတာ တွေ့ရပါတယ်။ ဒီစာထဲမှာတော့ သူ ဗွီအိုအေသတင်းဌာနနဲ့ အင်တာဗျူးရာမှာ ထည့်သွင်းပြောဆိုခဲ့သလို လူထုအစိုးရတစ်ရပ် ဖေါ်ဆောင်ပေးဖို့၊ ဒေါ်အောင်ဆန်းစုကြည်ကို အာဏာလွှဲပေးဖို့ဆိုတာ တစ်လုံးတလေတောင် မတွေ့ရပါ ဘူး။

## MYANMAR KYONE YEOM GROUP CO. , LTD.

ကမ္ဘာလုံးပုံနှင့်
**World Group**
စာတမ်းပါ
(ကုမ္ပဏီတံဆိပ်)

**BUILDING 3, ROOM 304/305**
**BOTATAUNG PAGODA ROAD.**
**PAZUNDAUNG TOWSHIP**
**TEL : 951-295612, 951-295708**
**FAX : 951-297897**

စာအမှတ် ၁၉၉၇/၁၂/၁၀
ရက်စွဲ ၁၉၉၇ ဒီဇင်ဘာလ ၁၀ ရက်နေ့

သို့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေခင်ဗျား။

၁၉၉၇ ခုနှစ် ဒီဇင်ဘာ–၁၀ ရက်နေ့ည မြန်မာ့ရုပ်မြင်သံကြားမှ ကုမ္ပဏီမှတ်ပုံတင်ရုံးအနေနှင့် ကျွန်တော်တို့ကုမ္ပဏီ ဖျက်သိမ်းတာ ကြေညာတဲ့အကြောင်း၊ ကျွန်တော်တို့ဆီ စာလည်းမရောက်ပါ၊ ကျွန်တော်တို့ကုမ္ပဏီဂုဏ်သိက္ခာ နာမည်ထိခိုက်တဲ့အကြောင်း ကျွန်တော်တို့သဘောမပေါက်ပါ။ လုပ်ထုံးလုပ်နည်းနဲ့ မညီမျှပါဘူး၊ ဒါ ဗိုလ်ချုပ်မောင်မောင် ကိုယ်ရေးကိုယ်တာကိစ္စ မနာလို၊ အာဏာသုံးပြီးတော့လုပ်တာ၊ ဒီလို နိုင်ငံတော်သတင်းဌာနမှ ဒါမျိုးကြေညာရင်တော့ သေသေချာချာစီစစ်ပြီး သတင်းကြေညာဖို့တော့ လိုပါတယ်။

ဗိုလ်ချုပ်မောင်မောင် ဒါမျိုးကြေညာတဲ့အတွက် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိတ်ဆို့တာ၊ တိုင်းပြည်ကို ပျက်ဆီးအောင်လုပ်တာ၊ ဒါ အာဏာသုံးပြီးဆောင်ရွက်တဲ့ သဘောမျိုး၊ ကျွန်တော်တို့ကုမ္ပဏီမှာ စာရင်းလည်း အမှန်တကယ်ရှိပါတယ်၊ လုပ်ထုံးလုပ်နည်းနဲ့လည်း ညီမျှပါတယ်၊ အခုထိဘာမှ ပြဿနာမရှိ၊ ဗိုလ်ချုပ်မောင်မောင် ဒီလိုလုပ်ရင်တော့ တိုင်းပြည်လူထုတွေက မကျေနပ်ဘူး။ မတည်ငြိမ်တော့ဘူး။ သူလုပ်သမျှဖြစ်လာတဲ့ပြဿနာကို ဆုံးရှုံးမှုကို ကျွန်တော်တာဝန်မယူပါဘူး၊ တင်ပြအပ်ပါသည်။ ကျွန်တော်တို့ကုမ္ပဏီမှာ **BSI** တို့ ထောက်လှမ်းရေးတို့ စီစစ်ပြီးပြီဘဲ၊ ဘာပြဿနာပေါ်သလဲ၊ ဘာမှမရှိပါဘူး၊ တင်ပြအပ်ပါသည်။

ဦးကျော်မြင့်

<u>ဖြန့်ဝေခြင်း</u>

၁။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
၂။ ဗိုလ်ချုပ်ကြီး မောင်အေး
၃။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်
၄။ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး
၅။ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်

၆။ ဝန်ကြီးအားလုံး(                )
၇။ တိုင်းမှူးအားလုံး(                )

ဦးကျော်မြင့်ရဲ့စာပါ အရေးအသား အသုံးအနှုန်းတွေအရ နအဖဗိုလ်ချုပ်ကြီးတွေ၊ စစ်တိုင်းမှူးတွေနဲ့ ဝန်ကြီးတွေကို သူ့လုပ်ဖော်ကိုင်ဖက်တွေ၊ သူ့ ပေးစာကမ်းစာကို စားနေရသူတွေအဖြစ်သာ သဘောထားတဲ့ပုံ ပေါ်နေတာကို တွေ့ရပါတယ်။ ဦးကျော်မြင့်ဟာ ဒီလောက်နဲ့တင် ရပ်မနေခဲ့ပါဘူး။ သူ့ကုမ္ပဏီက အစုရှယ်ယာရှင်တွေ၊ သူ့ကုမ္ပဏီမှာ ငွေကြေးအပ်နှံသူတွေကိုလည်း စာတွေဖြန့်ဝေခဲ့ပြီး ဗိုလ်မှူးချုပ်မောင်မောင်ကို ရှင်းလင်းဖယ်ရှားပစ်အောင် နိုင်ငံတော်အကြီးအကဲဆိုသူတွေထံ စာရေးတောင်းဆိုကြဖို့ လှုံ့ဆော်စည်းရုံးမှုတွေ ပြုလုပ်ခဲ့တာကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

ထည့်ဝင်သူ လူကြီးမင်းအားလုံး

အခု ကုမ္ပဏီမှတ်ပုံတင်ရုံး ဗိုလ်ချုပ်မောင်မောင်မှ ကိုယ်ရေးကိုယ်တာမနာလို အာဏာသုံးပြီးတော့ ခင်ဗျားတို့နှင့် ကျွန်တော်တို့ရဲ့ ထမင်းစားအိုးကိုလာခွဲတာ လူကြီးမင်းတို့ကျေနပ်သလား။ ဗိုလ်ချုပ်မောင်မောင်တော့ ဒီတိုင်းပြည်ကို စီးပွားရေးလုပ်ပေးတာ ဘယ်လောက်တိုးတက်သလဲ။ လူထုတွေ စားစရာဘာရှိသလဲ၊ နိုင်ငံတော်ဆိုရင် ဒါမျိုးလူလက်ထဲမှာ မဖြစ်နိုင်ဘူး။ ကျွန်တော်တို့တိုင်းပြည် ပျက်စီးတော့မယ်။ ကျွန်တော်တို့ တိုင်းပြည် မွဲတော့မယ်။ ထည့်ဝင်သူလူကြီးမင်းများ ကျွန်တော်တို့ ထမင်းအိုးမကွဲအောင် ဆုံးရှုံးနစ်နာမှုမရှိအောင် စည်းလုံးညီညွတ် ဝိုင်းဝန်းကူညီပြီးတော့ ဗိုလ်ချုပ်မောင်မောင် ဒါမျိုးလူကို ပယ်ဖျက်မှဖြစ်မယ်။ ကျွန်တော်တို့ တောက်လျှောက်မှန်မှန် အကျိုးတွေခံစားနေတယ်။ မှန်မှန်ခံစားတဲ့အတွက် သူလာဖျက်ဆီးတာ ဒီအတွက် အားလုံးဝိုင်းပြီးတော့ နိုင်ငံတော်လူကြီးကိုတင်ပြရမယ်ဖြစ်ပါသဖြင့် ဒါကျွန်တော့်အမြင် လူကြီးမင်းတို့ကို တင်ပြတာပါ။

ဥက္ကဌ ဦးကျော်မြင့်

ဗိုလ်ချုပ်မောင်မောင် ကိုယ်ရေးကိုယ်တာကြောင့် မနာလိုဖြစ် အာဏာသုံးပြီးတော့ ကြေညာလိုက်တာ ကျွန်တော်တို့ ကုမ္ပဏီကိုတော့ လူကြီးမင်းတို့သိတဲ့အတိုင်း ပုံမှန်ပေးနေကြတာဘဲ၊ အခုလည်း အဲဒီအတိုင်း နောင်လည်း အဲဒီအတိုင်း၊ တိုင်းပြည်မှာ ဗိုလ်ချုပ်မောင်မောင် ဒါမျိုးအုပ်ချုပ်ရင် မွဲသွားမှာဘဲ။ လက်ရှိ မြန်မာ ငွေတန်ဘိုးကျ၊ ပြည်သူလူထု နေထိုင်ဆင်းရဲတဲ့အတွက် ပြည်သူကို သူတို့ ဘာတွေလုပ်ပေးသလဲ၊ ကျွန်တော် တို့ပြည်သူကို တိုက်ရိုက်အကျိုးပြုတာကို မနာလိုလို့ ဖျက်ဆီးနေတာပါ၊ ခင်ဗျားတို့ရင်ထဲရှိတဲ့အတိုင်း ထောက်ခံပါ၊ အကူအညီတောင်းပါတယ်။ အခုသတ်မှတ်တဲ့အတိုင်း အချိန်ရောက်တယ်ဆိုရင် အချိန်မရွေး လာထုတ်ပါ။

လုပ်ငန်းထည့်ဝင်သူများအနေနှင့် မိမိငွေများမဆုံးရှုံးရေးအတွက် နိုင်ငံတော်အစိုးရထံသို့ ဤကိစ္စနှင့်ပတ်သက်၍ စာရေးကူညီပေးပါရန် မေတ္တာရပ်ခံပါတယ်။

ဒီစာတွေထဲမှာတော့ ဦးကျော်မြင့် ပြောခဲ့သလို ပုဒ်မ ၅(ည)တို့ နိုင်ငံတော်ဆန့်ကျင်မှုဆိုတာတို့နဲ့ ငြိစွန်းတာမျိုး မပါဘူးလို့ ယူဆပါတယ်။ စစ်အာဏာရှင်တွေရဲ့ ထုံးစံအတိုင်း ဦးကျော်မြင့်ကို ဘယ်တရားရုံးမှာ ဘယ်လိုစွဲချက်တွေနဲ့ ဘယ်အချိန်က ထောင်ချခဲ့သလဲဆိုတာကိုတော့ ပြည်သူအများသိရှိအောင် ကြေညာခဲ့ခြင်းမရှိတဲ့အတွက် အတိအကျ မသိရပါဘူး။ ဒါပေမဲ့ ကျောင်းသားလူငယ်လေးတွေကိုတောင် ဘာမဟုတ်တဲ့ အမှုလေးတွေနဲ့ နှစ်ရှည်ထောင်ဒဏ်တွေ ချမှတ်တတ်တဲ့ စစ်အာဏာရှင်ကြီးတွေအတွက် ဦးကျော်မြင့်ကို ဒီစာတွေကြောင့် ထောင်(၈)နှစ်ချခဲ့တာဆိုရင် အင်မတန် မျက်နှာနာလွန်းလို့ လျော့လျော့ပေါ့ပေါ့ချခဲ့တာ ဖြစ်နိုင်ပါတယ်။

ဘယ်လိုဘဲဖြစ်ဖြစ် ဦးကျော်မြင့် ခေါ် မိုက်ကယ်ဟွာဟူး ဆိုသူဟာ လူလိမ်၊ လူညာ၊ လူရှုပ်၊ ထောင်ပြေးတစ်ဦး ဆိုတာကိုတော့ ဒီအချက်အလက်တွေအရ အတိအကျ ပြောဆိုနိုင်ပါတယ်။ ဦးကျော်မြင့်နဲ့ သူ့ရဲ့ **UDP** ပါတီဟာ ရေခဲတောင်တစ်ခုရဲ့ ရေပေါ်မှာပေါ်နေတဲ့ အစိတ်အပိုင်းတွေသာဖြစ်ပြီး ရေအောက်မှာ လူတွေ မမြင်နိုင်တဲ့ ထုထည်အစိုင်အခဲကြီးတွေ ရှိနေမှာ သေချာပါတယ်။

"ပြည်ထဲနှင့်ရေး ပေါက်နှင့်ကျေး" ဆိုသလို နိုင်ငံရေးအခြေအနေတွေကို သာမန်လူတွေ ခွဲခြားသိမြင်ဖို့ မလွယ်ကူအောင်၊ ရှုပ်ထွေးအောင် စစ်အစိုးရက စနစ်တကျ စတင်လုပ်ဆောင်လာနေပြီ ဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲ နီးလာလေ၊ ချိန်ကိုက်နိုင်ငံရေးတိုက်ပွဲတွေလည်း ပိုမိုပြင်းထန်လာမှာ သေချာနေသလို၊ ဒီမိုကရေစီအရေးခံ့ပြီး ခြေသည်းလက်သည်း ဇွက်ထားသူတွေလည်း ၂၀၁၀ ရွေးကောက်ပွဲနီးလာလေ သူတို့ရဲ့ မျက်နှာဖုံးတွေ ကွာကျလာလေဖြစ်မှာ သေချာနေပြီဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Saturday, February 28, 2009***

*ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။*

***Documentation and Research Department (NDD)***